PARKVIEW HEALTH

ငွေကြေးထောက်ပံ့ခြင်းမူဝါဒ

Financial Assistance Policy

မူဝါဒစာတမ်း

Parkview Healthမှ အရေးပေါ်နှင့် အခြားလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လူနာများ ငွေပေးချေနိုင်မှုအပေါ် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ပေးလျက်ရှိပါသည်။ Parkview Healthမှ ၎င်း၏ဝန်ဆောင်မှုများ နှင့် အရေးပေါ်ဌာနများမှ အရေးပေါ် ကျန်းမာရေးအခြေအနေများအတွက် လူတစ်ဦးချင်းစီကို လူတန်းစာခွဲခြားခြင်းမရှိဘဲ လူတစ်ဦးချင်း ငွေပေးချေနိုင်မှုအပေါ် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ Parkview Healthအတွက် ထောက်ပံ့ငွေ စည်းမျဉ်းအောက်တွင် အကူအညီပေးလျက်ရှိပါသည်။ Parkview Healthဌာနများနှင့် အရေးပေါ်ဌာနများမှ အရေးပေါ် ဆေးဘက်ဆိုင်ရာ အခြေအနေများအတွက် ကုသမှုမခံယူမီ အရေးပေါ်ဌာနလူနာများအား ငွေပေးဆောင်ရန် တောင်းဆိုခြင်း သို့မဟုတ် ခွဲခြားဆက်ဆံမှုမရှိဘဲ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကို ဝင်ရောက်စွက်ဖက်သည့် ကြွေးမြီစုဆောင်းခြင်းဆိုင်ရာလုပ်ဆောင်မှုများကို ခွင့်ပြုခြင်း ကဲ့သို့သော တစ်ဦးချင်းစီကို အရေးပေါ် ဆေးကုသမှုခံယူရန် တားဆီးမှု လုပ်ဆောင်မှုများ တွင်ပါဝင်ခြင်းမှ တားမြစ်ထားသည်။ Parkview Healthဌာနများနှင့် အရေးပေါ်ဌာနများသည် EMTALA မှလိုအပ်သည့်အတိုင်း အရေးပေါ်ကျန်းမာရေးအခြေအနေများကို စောင့်ရှောက်ပြီး ၎င်း၏ အကောင်အထည်ဖော်မှု စည်းမျဉ်းများမှာ ကျန်းမာရေး စစ်ဆေးမှုပေးခြင်း၊ ကုသမှုကို တည်တံအောင် လုပ်ဆောင်ပေးခြင်း၊ လိုအပ်ပါက တစ်ဦးချင်းကို အခြားဆေးကုသမှုသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ညွှန်ပေးခြင်းတို့ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် Parkview Healthမှ ၎င်း၏ဝန်ဆောင်မှုများ နှင့် အရေးပေါ်ဌာနများမှ ဖဒရယ်ဥ ပဒေ ကုဒ်ခေါင်းစဉ် 42 အခန်း IV အခန်းခွဲ Gအရ အရေးပေါ် ကျန်းမာရေးအခြေအနေများအတွက် သို့မဟုတ် နောက်ဆက်တွဲစည်းမျဉ်းများ (သက်ကြီးရွယ်အို ဆေးကုသမှုနှင့် ဆင်းရဲနွမ်းပါးသူကုသရေး ဝန်ဆောင်မှုစင်တာများ၊ ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများဌာန၊ စံသတ်မှတ်ချက်များနှင့် အသိအမှတ်ပြုလက်မှတ်) ထောက်ပံ့ပေးပါမည်။ ဤမူဝါဒ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ လူနာများ၊ ဝန်ထမ်းများ၊ ဆရာဝန်များနှင့် လူမှုအသိုင်းအဝိုင်းများသို့ ငွေကြေးအထောက်အပံ့အတွက် ရရှိနိုင်မည် ဝန်ဆောင်မှုများ၊ လျှောက်လွှာလုပ်ငန်းစဉ်နှင့် အရည်အချင်းပြည့်မီမှုစံများနှင့် ပတ်သက်ပြီး တိကျသော အချက်အလက်များကို ထောက်ပံ့ပေးနိုင်ရန်အတွက် ဖြစ်ပါသည်။ ဤမူဝါဒအား Parkview Health ဒါရိုက်တာ ဘုတ်အဖွဲ့မှ လွှဲအပ်ထားသည့် အခွင့်အာဏာအရ Parkview Health ဘဏ္ဍာရေး ကော်မတီမှ အတည်ပြုခဲ့သည်။

စကားလုံးအဓိပ္ပါယ်သတ်မှတ်ချက်များ

အေ။ **အရေးပေါ် ကုသမှု** ဆိုသည်မှာ စိတ်ကျန်းမာရေးအခြေအနေအပါအဝင် အပြင်းအထန်နာကျင်ခြင်းမျိုးကဲ့သို့ လုံလောက်ပြင်းထန်သည့် ရောဂါလက္ခဏာများပြသပြီး ချက်ချင်း ဆေးဝါးကုသမှုခံယူနိုင်သည့်အခြေအနေမရှိပဲ ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်းဖြစ်နိုင်သည့် အခြေအနေဖြစ်သည်။

ဘီ။ **ဆေးဘက်ဆိုင်ရာ လိုအပ်သော စောင့်ရှောက်မှု** ဆိုသည်မှာ လူနာတစ်ယောက်အား စမ်းသပ်စစ်ဆေးခြင်း၊ သက်သာအောင်ကုသပေးခြင်း၊ အသက်အန္တရာယ်ရှိသည့်အခြေအနေမှ ကာကွယ်ခြင်း၊ နာကျင်ခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ ပျက်စီးခြင်း၊ မသန်စွမ်းဖြစ်သွားနိုင်ခြင်းနှင့် ယေဘုယျ အဖျားကြီးခြင်းသို့မဟုတ် စိတ်ပိုင်း/ရုပ်ပိုင်းအားနည်းခြင်းကို ကာကွယ်ကုသခြင်းတို့ဖြစ်သည်။

စီ။ **လျှောက်ထားနိုင်သည့်ကာလဆိုသည်မှာ** စောင့်ရှောက်မှုပေးအပ်သည့်နေ့စွဲမှစတင်၍ စောင့်ရှောက်မှုအတွက် ပထမဆုံးငွေတောင်းခံလွှာပေးပို့ပြီး 240 ရက်မြောက်နေ့၏ နောက်ဆုံးနေ့တွင် ပြီးဆုံးသောကာလ သို့မဟုတ် Parkview Health မှ အထူးကောက်ခံမှုလုပ်ဆောင်ချက်များ စတင်နိုင်သည့် နောက်ဆုံးရက်ကို သတ်မှတ်ပေးသည့် စာဖြင့် အကြောင်းကြားစာပေးပို့ပြီး အနည်းဆုံး 30 ရက်အကြာဖြစ်သည်။

ဒီ။ **အထူထွေကုန်ကျစရိတ်များ (AGB)** သည် အရေးပေါ် သို့မဟုတ် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုအတွက် တောင်းဆိုရန် Medicare ဝန်ဆောင်ခနှင့် ပုဂ္ဂလိက ကျန်းမာရေး အာမခံများမှ ခွင့်ပြုထားသော ငွေကြေးပမာဏဖြစ်ပါသည်။ Parkview Healthသည် Look Back Method (ပြန်လှန်ကြည့်ရှုစစ်ဆေးသည့် နည်း)ဖြင့် အထွေထွေကုန်ကျစရိတ်များကို တွက်ချက်သည်

အီး။ **Look Back Method (ပြန်လှန်ကြည့်ရှုစစ်ဆေးသည့် နည်း)သည်** လွန်ခဲ့သည့်နှစ်၏ Medicareနှင့် ပုဂ္ဂလိကကျန်းမာရေးအာမခံများမှ ပေးဆောင်ခဲ့သည်ကုန်ကျစရိတ်များကိုကြည့်ရှုပြီး ဤနှစ်၏ အထွေထွေကုန်ကျစရိတ်ပမာဏ များကို သတ်မှတ်ခြင်းဖြစ်သည်။

အက်ဖ်။ **စုစုပေါင်း မိသားစုဝင်ငွေ** ဆိုသည်မှာ ပြည်ထောင်စု ဝင်ငွေခွန်ပုံစံ 1040 တွင်သတ်မှတ်ထားသည့် စုစုပေါင်းမိသားစုဝင်ငွေဖြစ်ပြီး ၎င်းမိသားစုဝင်များ၏ လက်ရှိ အလုပ်အကိုင်မှရရှိသည့် စုစုပေါင်းဝင်ငွေနှင့် အပိုင်း ဒီတွင်ဖော်ပြထားသည့် အခြား ဝင်ငွေရလမ်းများမှ ဝင်ငွေများဖြစ်သည်။

ဂျီ။ **Parkview ကျန်းမာရေး ဝန်ဆောင်မှု ဧရိယာ** ကို အရှေ့မြောက်ပိုင်း အင်ဒီယားနားနှင့် အနောက်မြောက်ပိုင်း အိုဟိုင်းအိုးပြည်နယ်၏ အောက်ပါပြည်နယ်များအဖြစ် ယေဘုယျ အားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အင်ဒီယားနား တွင် - Adams, Allen, Blackford, Carroll, Cass, DeKalb, Elkhart, Fulton, Grant, Hamilton, Howard, Huntington, Kosciusko, LaGrange, Marshall, Miami, Noble, Pulaski, Steuben, Tipton, Wabash, Wells, White, Whitley ကောင်တီများ၊ အိုဟိုင်းအိုးတွင် Defiance, Fulton, Henry, Paulding, Van Wert, Williams ကောင်တီများ

လုပ်ငန်းစဉ်

အေ။ ငွေကြေးထောက်ပံ့ခြင်း မူဝါဒလုပ်ဆောင်ချက်များကို အများပြည်သူသိစေရန် ဆက်သွယ်အသိပေးခြင်း

1. Parkview ၏ ငွေကြေး ထောက်ပံ့မှု မူဝါဒမိတ္တူ၊ လျှောက်လွှာနှင့် နားလည်ရလွယ်သော အသုံးအနှုန်းများ ပါသည့် အတိုချုပ် ရှင်းလင်းချက်တို့ကို Parkview.com တွင်ဖြစ်စေ၊ ဆေးရုံ၏ ငွေစာရင်းဌာနအားလုံးတွင်ဖြစ်စေ၊ လူနာနှင့်ဆိုင်သော စာရင်းကိုင်ဌာန၏ ခေါ်ဆိုရေးစင်တာရှိ 260-266-6700 သို့လည်းကောင်း၊ အခမဲ့ဖုန်းပြောဆိုနိုင်သည့် 855-814-0012 သို့လည်းကောင်း ခေါ်ဆို၍ဖြစ်စေ ရယူနိုင်သည်။
2. Parkview ၏ ငွေကြေးထောက်ပံ့ခြင်း မူဝါဒအကြောင်းလက်ကမ်းစာစောင်များကို ဆေးရုံစာရင်းသွင်းနေရာတိုင်းတွင်ရနိုင်သည်။
3. အရေးပေါ်ဌာနနှင့် ဆေးရုံစာရင်းသွင်းနေရာတိုင်းတွင် ငွေကြေးထောက်ပံ့ခြင်းနှင့်ဆိုင်သည့် ဆိုင်းဘုတ်များကို ထားရှိသွားမည်ဖြစ်ပြီး ငွေကြေးထောက်ပံ့ခြင်းမူဝါဒနှင့်ပတ်သက်သည်များကို ပိုမိုသိရှိလိုပါက မေးမြန်းစုံစမ်းနိုင်သည့် သတင်းအချက်အလက်များကိုပါ ထည့်သွားပါရှိသွားပါမည်။
4. လူနာများအနေနှင့် ဆေးရုံစာရင်းသွင်းသည့် အချို့အရပ်သုံးစကားဖြင့်အကျဉ်းချုပ်ကို ပေးပါမည်။
5. ငွေတောင်းခံလွှာထုတ်ပေးသည့်အချိန်တိုင်း လူနာအား ငွေကြေးအထောက်အပံ့ရယူနိုင်ကြောင်းကို အသိပေးသွားမည်ဖြစ်ပြီး ဆက်သွယ်နိုင်သည့် သတင်းအချက်အလက်များကိုလည်း တစ်ပါတည်း ပေးသွားမည်ဖြစ်သည်။
6. ဤမူဝါဒ၏ အရပ်သုံးစကားဖြင့်အကျဉ်းချုပ်ကို ငွေတောင်းခံလွှာနှင့်အတူ လူနာသို့ပေးပို့ပေးမည်ဖြစ်ပြီး လျှောက်ထားရမည့်သွန်ကြားချက်ပါ ပါရှိပါမည်။
7. Parkview ၏ လမ်းညွှန်အတိုင်း ကုသမှုကစြရိတ္တကိုမတတမှုနိုင်ငွသည့်၊ လူနာမြားအနနေငှ့၊ ၄ကွေးထောကျပံ့ခွငျးသတငျးအခကြေးအလကျမြားကို ပေးထားမည့ျဖစ့ျသညျ့။ ၄ကွေးကောကခြံခငြးဆိုငရော မူဝါဒမိတ္တူတို့ကို Parkview.com တွင်ဖြစ်စေ၊ ဆေးရုံ၏ ၄စောရငြးဌာနအားလုံးတှငျဖြစ့ျစေ၊ လူနာနှငျ့ဆိုငြသော စာရငြးကိုငျဌာန၏ ခေါ်ဆိုရေးစင်တာရှိ 260-266-6700 သို့လည်းကောင်း၊ အခမဲ့ဖုန်းပြောဆိုနိုင်သည့် 855-814-0012 သို့လည်းကောင်း ခေါ်ဆို၍ဖြစ့ျစရပြေနိုငျသညျ့။

ဘီ။ အကျုံးဝင် ဝန်ဆောင်မှုများ

1. အရေးပေါ်နှင့် လိုအပ်သောဆေးဝါးစောင့်ရှောက်မှုကို ငွေကြေးထောက်ပံ့ခြင်းမူဝါဒအရ ခံစားခွင့်ရှိသည်။
   a. လူနာ၏ မူဝါဒဖြင့် "အကျုံးမဝင်သော" ဝန်ဆောင်မှုများသည် ဆေးဘက်ဆိုင်ရာအရ မလိုအပ်သော ဝန်ဆောင်မှုများဟု မဆိုလိုနိုင်ပါ။
2. တိုက်ရိုက် အသုံးပြု စမ်းသပ်စစ်ဆေးခြင်း၊ Heart Smart CT၊ သွေးကြောဆိုင်ရာ စစ်ဆေးခြင်း၊ ကင်ဆာရောဂါ မျိုးဗီဇဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း စသဖြင့် ကန့်သတ်ချက်မရှိဘဲ အပါအဝင် ရွေးချယ်ထားသော ဝန်ဆောင်မှုများ နှလုံးရောဂါကုထုံး မျိုးဗီဇဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း၊ ခန္ဓာကိုယ် အလေးချိန် ကျဆင်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်၊ ဆရာဝန်ရုံး တွဲဖက်ပေးချေမှုများ၊ ဝန်ဆောင်မှုများနှင့် အလှကုန်ဝန်ဆောင်မှုများသည် ငွေကြေးဆိုင်ရာ အထောက်အပံ့ မူဝါဒအရ သတ်မှတ်ချက် မပြည့်မီပါ။ Park Center Group Home ဝန်ဆောင်မှုများကို သီးခြား ဈေးနှုန်းသတ်မှတ်ပြီး ယေဘုယျအားဖြင့် ဤမူဝါဒအရ သတ်မှတ်ချက် မပြည့်မီပါ။

စီ။ အကျုံးဝင်သော ဝန်ဆောင်ပေးသူများ

1. Parkview ဆရာဝန်များအဖွဲ့သို့ ဆေးဘက်ဆိုင်ရာ ငွေကြေးတောင်းခံခြင်းများ၊ Parkview Home Health၊ Parkview Hospice Parkview Home Infusion၊ နှင့် Parkview နှင့် ချိတ်ဆက်ထားသည့်မည်သည့်ဆေးရုံမဆို ငွေကြေးထောက်ပံ့ခြင်းမူဝါဒတွင် အကျုံးဝင်သည်။ Parkview နှင့်ချိတ်ဆက်ထားသည့် ဆေးရုံများမှာ - Parkview Archbold, Parkview Behavioral Health, Parkview Bryan Hospital, Parkview DeKalb Hospital, Parkview Huntington Hospital, Parkview Kosciusko Hospital, Parkview LaGrange Hospital, Parkview Logansport Hospital, Parkview Montpelier Hospital, Parkview Noble Hospital, Parkview Orthopedic Hospital, Parkview Hospital Randallia, Parkview Regional Medical Center, Parkview Wabash Hospital, နှင့် Parkview Whitley Hospital. အခြား Parkview မဟုတ်သော ဝန်ဆောင်မှုပေးသူများမှာ ဤ ငွေကြေးထောက်ပံ့ခြင်း မူဝါဒနှင့် မသက်ဆိုင်ပါ။ ၎င်းတို့ကောက်ခံသည့် အဖိုးအခများအား ဤမူဝါဒအရ ထည့်သွင်းစဉ်းစားပေးရန် အကျုံးဝင်သော ဝန်ဆောင်မှုပေးအပ်သူများ (နှင့် အကျုံးမဝင်သော ဝန်ဆောင်မှုပေးအပ်သူများ) စာရင်းကို Parkview.com/Patient & Visitors/Financial Assistance/"မည်သည့် Parkview ဝန်ထမ်းများ၏ ဆေးကုသစရိတ်များအကျုံးဝင်သနည်း" တွင် ကြည့်ရှုနိုင်ပါသည်။ ဝန်ဆောင်မှုပေးအပ်သူများနှင့်ပတ်သက်သည့် အချက်အလက်များကို "ဤစာရွက်စာတမ်း" တွင် ကြည့်ရှုပါ။ ဝန်ဆောင်မှုပေးအပ်သူစာရင်းကို လိုအပ်သလို ပြောင်းလဲပြင်ဆင်ပေးသည်။

ဒီ။ အကျုံးဝင် သတ်မှတ်ချက်များ

1. လူနာမိသားစုအားလုံး၏ ဝင်ငွေသည် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ဖက်ဒရယ် လမ်းညွှန်ချက်များ ("ကိုးကားချက်များ" ကဏ္ဍကို ကြည့်ရန်) အရ 275% မကျော်မှသာ၊ လျှောက်လွှာတင်ကာလအတွင်း တောင်းခံထားသော ဆေးကုသမှုကုန်ကျစရိတ် (100 %) ကို လျှော့ပေးပါမည်။
2. ယူဆချက်ဖြင့် ပရဟိတလုပ်ငန်း- Parkview Health သည် ငွေကြေးအကူအညီကို အတည်ပြုနိုင်ပြီး ငွေကြေးအကူအညီလျှောက်လွှာအပြည့်အစုံ ဖြည့်စွက်ပြီးပါက အခမဲ့စောင့်ရှောက်မှု (100%) ပေးနိုင်ပါသည်-
   a. လူနာမိသားစုဝင်ငွေသည် ဖက်ဒရယ်ဆင်းရဲမွဲတေမှုလမ်းညွှန်ချက်များ၏ 165% ထက် မပိုပါ။
   b. လူနာသည် လက်ရှိတွင် Medicaid တွင် စာရင်းသွင်းထားသည်။
   c. လူနာသည် ကွယ်လွန်သွားပြီး အိမ်ခြံမြေရှာဖွေ၍မရပါ။
   d. လူနာသည် အိမ်ခြေမဲ့ဖြစ်သည်။
3. မိသားစုအချိုးအစားသည် ပြီးခဲ့သော ပြည်ထောင်စုအခွန်အကောက်မှတ်တမ်းအရ လူနာသို့မဟုတ် ထောက်ခံသူအားမှီခိုနေရသည့် အရေအတွက်နှင့် သတ်မှတ်ပြီး ငွေကြေးထောက်ပံ့ခြင်းလျှောက်ထားရာတွင်တင်ပြရမည်။ အုပ်ထိန်းသူအခြေအနေတွင် ထောက်ခံပေးသူသည် ၎င်း၏ နှစ်စဉ်အခွန်မှ ကလေးတစ်ယောက်အတွက်တောင်းခံရာတွင် ၂ နှစ်အခွန်ဆောင်ထားသည့်မိတ္တူ သို့မဟုတ် တစ်နှစ် အခွန်ဆောင်ထားသည့်မိတ္တူနှင့်အုပ်ထိန်းခွင့်လက်မှတ်ကို တင်ပြပြီး ကလေးကို မှီခိုအနေနှင့် တင်ပြနိုင်သည်။
4. မိသားစု စုစုပေါင်းဝင်ငွေတွင် ထောက်ခံသူနှင့် အိမ်ထောင်ဖက်၏ အလုပ်အကိုင်မှ စုစုပေါင်းဝင်ငွေ၊ ရေတို/ရေရှည် ထိခိုက်ဒဏ်ရာရခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ လူမှုဖူလုံကြေးရခြင်း၊ သက်ပြည့်ပင်စင်ရခြင်း၊ စစ်မှုထမ်းပင်စင်၊ ပင်စင်နှင့် ငွေတိုက်စာချုပ်မှ ဝင်ငွေတို့ပါဝင်သည်။ ကိုယ်ပိုင်အလုပ်မှဝင်ငွေ၊ မိတ်ဖက်လုပ်ငန်းများမှ ဝင်ငွေ၊ ကော်ပိုရေးရှင်းကြီးများ၊ အဆောက်အဦး ငှားရမ်းခြင်းမှဝင်ငွေများနှင့် လယ်မြေများမှဝင်ငွေများကိုမူ ရောင်းရန်ရှိကုန်ပစ္စည်းများကိုရောင်းချခြင်းမှ လောင်စာဆီ၊ မီးဖိုး၊ ရေဖိုး၊ စီးပွားရေးငှားရမ်းခြင်းတို့အား နှုတ်ယူပြီး ကျန်ရှိသည့်အသားတင်အမြတ်ဖြင့်တွက်ချက်သည်။ အခြားသောအရာများမှာ နှုတ်ယူနိုင်သော စားသောက်ခြင်းများ၊ ဖုန်းဖိုးများနှင့် တန်ဖိုးလျော့ကျခြင်းများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ ငွေကြေးထောက်ပံ့မှု ခွင့်ပြုရာတွင် နှုတ်ယူတွက်ချက်မည်ဖြစ်သည်။
5. လူနာ (အသေးစားဖြစ်ပါက ထောက်ခံသူ)သည် လိုအပ်သည့် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုအစီအစဉ်များတွင် ပူးပေါင်းပါဝင်ရမည်။
6. အကယ်၍ လူနာသည် အခြားတတိယအဖွဲ့အစည်းတွင်အကျုံးဝင်ခြင်း သို့မဟုတ် COBRA အရ အကျုံးဝင်နေပါက အာမခံတွင်ဖော်ပြထားသည့် လူနာဘက်အခြမ်း အကျုံးခံစားခွင့်ကိုသာ ဤ ငွေကြေးထောက်ပံ့မှုမူဝါဒအရ ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ အာမခံကုမ္ပဏီများမှ ပေးချေမှုများသည်ို့ ဤ ငွေကြေးထောက်ပံ့မှုမူဝါဒတွင် အကျုံးမဝင်ချေ။ ကွန်ရက်အတွင်းမဟုတ်သည့် ဝန်ဆောင်မှုကိုအသုံးပြုခြင်း သို့မဟုတ် စည်းမျဉ်းများလိုက်နာရန်ပျက်ကွက်သည့်အတွက် အာမခံကုမ္ပဏီမှ အာမခံပေးရန်ငြင်းဆိုခြင်းခံရပါက ဤ ငွေကြေးထောက်ပံ့မှုမူဝါဒအရ ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ပါ။
7. လူနာသည် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှု ရရှိရန်အတွက် ၎င်းသည် Parkview ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ဧရိယာရှိ လူနေထိုင်သည့် ဒေသများတွင် နေထိုင်သူ ဖြစ်ရမည် ဖြစ်သည်။ Parkview ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ဧရိယာပြင်ပဖြစ်သည့် အခြားပြည်နယ် သို့မဟုတ် နိုင်ငံပြင်ပမှ ရေတိုဖြစ်စေ သို့မဟုတ် ရေရှည်ကာလအတွက် ဖြစ်စေ လာရောက်သည့်သူများသည် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအား မရရှိနိုင်ပါ။
8. အကယ်၍ လူနာအကောင့်သည် လျှောက်ထားကာလအတွင်း လျှောက်ထားမှသာ အကျုံးဝင်မည်ဖြစ်သည်၊ အသုံးအနှုန်း အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။ Parkview စုဆောင်းခြင်းမူဝါဒအရ မည်သည့်လူတစ်ဦးတစ်ယောက်ခြင်း ပေးသည့်အကောင့်မဆို ငွေကြေးထောက်ပံ့ခြင်းကို ထောက်ခံသူ၏ အကောင့်သို့သာ ပြန်လည်ပေးအပ်မည်ဖြစ်သည်။
9. IRS တွင် သတ်မှတ်ထားသည့် ပင်စင်ယူသည့် အကောင့်တွင် ပါဝင်၍ ကန့်သတ်မထားသည့်အရာများမှာ - ပင်စင်ဖြစ်သည့် 401K ၊ 403B ဖြစ်ပြီး၊ ၎င်းတို့နှင့်ပတ်သက်၍ ပင်စင်ထောက်ပံ့ငွေ ရရှိကြောင်း လက်ခံ မရှိပါက၊ IRAs အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအား ထောက်ပံ့ခြင်းမပြုရန် ဆုံးဖြတ်သည်။
10. အောက်ပါသတ်မှတ်ချက်များအားလုံးနှင့် ကိုက်ညီပါက Parkview Health သည် ကြုံတင်ခန့်မှန်းသတ်မှတ်ထားသော ပရဟိတအကူအညီကို အတည်ပြုပေးနိုင်ပြီး ငွေကြေးအကူအညီလျှောက်လွှာကို ဖြည့်စွက်စရာမလိုဘဲ ပေးရန်ရှိသော ကုန်ကျစရိတ်၏ 100% ကို ပရဟိတအကူအညီအဖြစ် ပယ်ဖျက်ပေးနိုင်သည်။
    a. လူနာ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသော အကောင့်လက်ကျန်ငွေမှာ $100,000 သို့မဟုတ် ထို့ထက်ပို၍ ရှိရမည်။
    b. လူနာ၏ မိသားစုစုစုပေါင်းဝင်ငွေသည် ဖက်ဒရယ်ဆင်းရဲမွဲတေမှုသတ်မှတ်အဆင့် (FPL) ၏ 165% ထက်ကျော်လွန်သော်လည်း 275% ထက် မကျော်လွန်ရပါ။
    c. အကောင့်ကို အကြွေးမကောင်းစာရင်း (Bad Debt) သို့ လွှဲပြောင်းခြင်း သို့မဟုတ် ထည့်သွင်းခြင်းမပြုမီ အရည်အချင်းပြည့်မီမှုကို ကြိုတင်စစ်ဆေးဆုံးဖြတ်ရမည်။

    ဤသတ်မှတ်ချက်များနှင့် ပြည့်မီသော လူနာများ၏ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အကောင့်လက်ကျန်ငွေများကို (100%) အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ပယ်ဖျက်ပေးမည်ဖြစ်သည်။

11. ဝင်ငွေပမာဏသည် ဖက်ဒရယ်အစိုးရက သတ်မှတ်ထားသော ဆင်းရဲမွဲတေမှု အဆင့် (FPL)၏ 275% ကို ကျော်လွန်နေသည့်အပြင် ကျသင့်သည့် ဆေးကုသမှု စရိတ်ပမာဏသည် ၎င်းတို့ အိမ်ထောင်စု နှစ်စဉ်ဝင်ငွေ၏ 25% ကို ကျော်လွန်နေသော လူနာတိုင်းအနေဖြင့် အရေးပေါ် ဆေးကုသမှုဖြစ်စဉ် ဖြစ်ပါက ငွေကြေး အထောက်အပံ့ ရရှိပိုင်ခွင့်ရှိပြီး ဆေးကုသမှုစရိတ်ကို ငွေကြေးထောက်ပံ့မှုအရ 100% ကင်းလွတ်ခွင့် ရရှိပါမည်။
12. အာမခံမဲ့ (ကိုယ်တိုင် ပေးချေသူ)သော လူနာများအတွက် သင့်လျော်သတ်မှတ်ထားသော ဝန်ဆောင်မှုများအားလုံးတွင် Medically Uninsured Discount (MUD) (ဆေးကုသမှု အာမခံမဲ့ လျှော့ပေးမှု) ကျသင့်ငွေ၏ ၅၀ ရာခိုင်နှုန်းကို သတ်မှတ်လိုက်ပါသည်။ MUD ကိစ္စဆောင်ရွက်ရန်အတွက် Charity Medically Uninsured Discounts နည်းလမ်းကို ရည်ညွှန်းလိုက်ပါ။

အီး။ လျှောက်ထားခြင်းလုပ်ငန်းစဉ်

1. ငွေကြေး ထောက်ပံ့ရေး လျှောက်လွှာကို ဆေးရုံ၏ ငွေစာရင်းဌာနတွင်ဖြစ်စေ၊ လူနာနှင့်ဆိုင်သော စာရင်းကိုင်ဌာန၏ ခေါ်ဆိုရေးစင်တာရှိ 260-266-6700 သို့လည်းကောင်း၊ အခမဲ့ဖုန်းပြောဆို နိုင်သည့် 855-814-0012 သို့လည်းကောင်း ခေါ်ဆို၍ ဖြစ်စေ၊ Parkview.com တွင်ဖြစ်စေ (သို့) MyChart မှတစ်ဆင့်ဖြစ်စေ တောင်းဆို၍ ရယူနိုင်သည်။
2. ငွေကြေးအကူအညီအတွက် ထည့်သွင်းစဉ်းစားစေရန်အလို့ငှာ လူနာ နှင့်/သို့မဟုတ် လူနာ၏ အိမ်ထောင်ဖက် သို့မဟုတ် အာမခံပေးသူသည် သက်ဆိုင်ရာ ပူးတွဲပါဖိုင် အားလုံး အပါအဝင် ဖြည့်စွက်ပြီး၊ လက်မှတ်ထိုး၍ ရက်စွဲတပ်ထားသော ငွေကြေးအကူအညီ လျှောက်လွှာကို ပေးပို့တင်သွင်းရပါမည်။ လိုအပ်သော တွဲစာများကို ငွေကြေးထောက်ပံ့မှု လျှောက်လွှာတွင် စာရင်းပြု စုဖော်ပြထားသည်။ ငွေကြေးထောက်ပံ့မှုလျှောက်ထားခြင်းနှင့် တွဲစာများကို ပေးထားသော လိပ်စာအတိုင်း အပြည့်အစုံဖော်ပြပြီး လျှောက်လွှာပါနေစွမ်းရက် ၃၀ အတွင်းပေးပို့ လျှောက်ထားရမည်။

အက်ဖ်။ ခွင့်ပြုခြင်းလုပ်ငန်းစဉ်

1. ငွေကြေးထောက်ပံ့မှုလျှောက်ထားခြင်းကို Parkview Health ၏ CFO သို့မဟုတ် ကိုယ်စားလှယ်မှ ဆုံးဖြတ်ခွင့်ပြုပေးမည်။
2. အရေးပေါ်နှင့်လိုအပ်သော ဆေးဝါးကုသမှုအတွက် ငွေကြေးထောက်ပံ့မှုလျှောက်ထားခြင်းကို လျှောက်လွှာတွင်ပါဝင်သည့်နေ့စွဲမှ ထောက်ပံ့သူ သို့မဟုတ် လူနာ၏အခြေအနေ မပြောင်းလဲလျှင်၊ ဆိုလိုသည်မှာ အလုပ်အကိုင်အခြေအနေ ပြောင်းလဲခြင်း၊ ခြောက်လ အကျုံးဝင်ပါမည်။ လူနာများသည် 12 လကြာ အတည်ပြုချက်ကာလ ပြီးနောက် သို့မဟုတ် 12 လ ကာလအတွင်း ၎င်းတို့၏ အခြေအနေများ ပြောင်းလဲသွားပါက ပေါ်ပေါက်လာသော ဝန်ဆောင်မှုများအတွက် ငွေကြေးထောက်ပံ့မှုအတွက် ထည့်သွင်းစဉ်းစားခံရရန်အတွက် ပြန်လည် လျှောက်ထားရမည်။
3. လူနာ/အာမခံသူသည် စာဖြင့်ရေးသားပေးပို့သည့် အကြောင်းကြားစာဖြစ်သည့် (US စာတိုက်မှ ပေးပို့သည့် စာ သို့မဟုတ် အီးမေးလ်၊ ဖုန်းမက်စေ့၊ ဖက်စ် စသည့်တို့ဖြင့်) ၎င်းတို့နှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုရရှိခြင်း သို့မဟုတ် ငြင်းပယ်ခြင်းစသည့် အကြောင်းကြားစာအား လက်ခံရရှိမည်ဖြစ်သည်။
4. Parkview သည် FQHC ထောက်ပံ့ကူညီသည့် မိတ်ဖက်များနှင့်လည်း လက်တွဲ၍ မိတ်ဖက်များမှ လူနာများအား ထောက်ပံ့ကူညီသည့် အဖွဲ့များမှ Parkview တွင် လာရောက်ကြသည့်အခါ ၎င်းတို့မှ ရနိုင်သည့် ထောက်ပံ့ကူညီသည့်အဖွဲ့များမှ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လူနာများအား ပရဟိတ ပေးအပ်ရန် လျှောက်ထားနိုင်ပါသည်။

ဂျီ။ ပြန်လည်ပေးအပ်ခြင်းမရှိလျှင် အရေးယူမှုများ

1. ငွေကြေးထောက်ပံ့ခြင်းမူဝါဒအောက်တွင် ငွေကြေးထောက်ပံ့ခြင်းအကျုံးမဝင်သောသူများသည် စုဆောင်းခြင်း မူဝါဒအရ လူနာများသို့ တိုက်ရိုက်ငွေတောင်းခံပါမည်။ ပေးနိုင်သည့် နည်းလမ်းများနှင့် မပေးဆောင်ပါက အရေးယူမည့်အခြေအနေများကို ဤမူဝါဒတွင် ဖော်ပြထားသည်။ ငွေကြေးကောက်ခံခြင်းဆိုင်ရာ မူဝါဒကို လူနာနှင့်ဆိုင်သော စာရင်းကိုင်ဌာန၏ ခေါ်ဆိုရေးစင်တာရှိ 260-266-6700 သို့လည်းကောင်း၊ အခမဲ့ဖုန်းပြောဆိုနိုင်သည့် 855-814-0012 သို့လည်းကောင်း ခေါ်ဆို၍ ဖြစ်စေ၊ Parkview.com တွင် ဖြစ်စေ အခမဲ့ ရယူနိုင်သည်။

အိတ်ရှ်။ လူနာသို့ငွေတောင်းခံရန် တွက်ချက်သည့်အခြေခံအချက်များ

1. ဤပေါ်လစီအရ အရည်အချင်းပြည့်မီမှု ဆုံးဖြတ်ချက်ချပြီးနောက် ငွေကြေးအကူအညီအတွက် အရည်အချင်းပြည့်မီသော လူနာတစ်ဦးအား အရေးပေါ် သို့မဟုတ် အခြားဆေးဘက်ဆိုင်ရာ လိုအပ်သော စောင့်ရှောက်မှုအတွက် ယေဘုယျအားဖြင့် အာမခံထားသော လူနာများထံ ကောက်ခံသည့် ပမာဏ (AGB) ထက် ပိုမိုကောက်ခံမည်မဟုတ်ပါ။ အပိုင်း D သည် လူနာတစ်ဦး အရည်အချင်းပြည့်မီသော ငွေကြေးအကူအညီအမျိုးအစားနှင့် ပမာဏကို ဆုံးဖြတ်ပေးပြီး AGB သည် ဤစောင့်ရှောက်မှုအတွက် လူနာတစ်ဦးအား ကောက်ခံနိုင်သည့် အများဆုံးပမာဏဖြစ်သည်။
2. Parkview Health သည် Internal Revenue Code ပုဒ်မ 501(r) နှင့် Treas များနှင့်အညီ Look-Back နည်းလမ်းကို အသုံးပြု၍ အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် တွက်ချက်ပါသည်။ မှတ်ပုံတင် § 1.501(r)-5။ ဤတွက်ချက်မှုနည်းလမ်းအရ Parkview Health ၏ ဆေးရုံတစ်ခုချင်းစီအတွက် ခွင့်ပြုထားသော ငွေပမာဏကို တွက်ချက်ရာတွင် ယခင် 12 လတာကာလ အတွင်း အရေးပေါ်ကုသမှုနှင့် ဆေးဘက်ဆိုင်ရာအရ လိုအပ်သော အခြားကုသမှုများအတွက် တင်ပြထားသည့် ငွေတောင်းခံလွှာအားလုံးအပေါ် အစိုးရကျန်းမာရေးအာမခံနှင့် ပုဂ္ဂလိက ကျန်းမာရေးအာမခံအဖွဲ့အစည်းများက ပေးချေရန် ခွင့်ပြုထားသော ငွေပမာဏစုစုပေါင်းကို အဆိုပါငွေတောင်းခံလွှာများအတွက် မူလသတ်မှတ်ထားသော ကျသင့်ငွေစုစုပေါင်းဖြင့် စား၍ တွက်ချက်ပါသည်။ Parkview Health သည် တွက်ချက်မှုတွင် အသုံးပြုသည့် 12 လကာလ ကုန်ဆုံးပြီးနောက် 120 ရက်မြောက်နေ့တွင် AGB ရာခိုင်နှုန်းကို စတင်ကျင့်သုံးမည် ဖြစ်သည်။
3. Parkview Health သည် ၎င်း၏ဆေးရုံစနစ်တစ်ခုလုံးတွင် အနိမ့်ဆုံးတွက်ချက်ထားသော AGB ရာခိုင်နှုန်းကို အသုံးပြုသည်။ ဤသည်မှာ လူနာများအတွက် အကျိုးအရှိဆုံးရာခိုင်နှုန်းဖြစ်ပြီး ဆေးရုံတစ်ခုချင်းစီ၏ ဝန်ဆောင်မှုဌာနများအတွက် သတ်မှတ်ထားသော ရာခိုင်နှုန်းများကို ပျမ်းမျှတွက်ချက်ထားခြင်း မဟုတ်ပါ။
4. အများပြည်သူများသည် Parkview Health ဆေးရုံတစ်ခုစီအတွက် လက်ရှိ AGB ရာခိုင်နှုန်းနှင့် AGB တွက်ချက်မှုနည်းလမ်း၏ ရေးသားဖော်ပြချက်ကို https://www.parkview.com/patients-and-visitors/billing-and-insurance/financial-assistance ရှိ Parkview ၏ ငွေကြေးအကူအညီ ဝက်ဘ်စာမျက်နှာမှတစ်ဆင့် သို့မဟုတ် လူနာငွေကြေးဝန်ဆောင်မှုများကို ဆက်သွယ်ခြင်းဖြင့် အခမဲ့ ရယူနိုင်ပါသည်။
5. Parkview Health သည် ဤမူဝါဒအရ ငွေကြေးအကူအညီရရှိရန် အရည်အချင်းပြည့်မီသူများထံမှ ဤမူဝါဒအောက်တွင် အကျုံးဝင်သော မည်သည့်ဆေးကုသမှုအတွက်မဆို စုစုပေါင်းကျသင့်ငွေကို ငွေတောင်းခံခြင်း သို့မဟုတ် ပေးချေရန် မျှော်လင့်ခြင်း ပြုလုပ်မည်မဟုတ်ပါ။

အိုင်။ အိုဟိုင်းအိုး (Ohio) ဒေသခံများ - ကျန်းမာရေး စောင့်ရှောက်မှု အာမခံ အစီအစဉ် (HCAP)

1. **HCAP အစီအစဉ် ဖော်ပြချက်-** Parkview ၏ အိုဟိုင်းအိုး ဆေးရုံများသည် အိုဟိုင်းအိုး၏ HCAP အစီအစဉ်တွင် ပါဝင်သည်။ HCAP အစီအစဉ်မှတစ်ဆင့် အကျိုးခံစားခွင့် ရရှိသော လူနာများသည် သာမန်လိုအပ်သော ဆေးကုသမှု ဆိုင်ရာ ဆေးရုံအဆင့် ဝန်ဆောင်မှုများကို အခမဲ့ ခံစားခွင့် ရှိသည်။
2. **ရွေးချယ်သည့် အချက်များ-** လူနာသည် HCAP အစီအစဉ်၏ အောက်ပါအချက်များအရ ငွေကြေး ထောက်ပံ့မှုကို ခံစားခွင့် ရှိသည် (i) အိုဟိုင်းအိုး ဒေသခံ ဖြစ်ပါက၊ (ii) အတွင်းလူနာ အဖြစ် ကုသမှု ခံယူစဉ် (သို့) ပြင်ပလူနာ ဝန်ဆောင်မှု ရယူစဉ် လူနာ (သို့) ၎င်း၏ မိသားစုဝင်ငွေသည် လက်ရှိ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ဖက်ဒရယ် လမ်းညွှန်ချက်များအရ သတ်မှတ်ထားသော ပမာဏခန့် (သို့) ၎င်းအောက် နည်းပါက၊ (iii) ဆေးဝါး ထောက်ပံ့မှု (Medicaid) အစီအစဉ်ကို လက်ခံရရှိသူ မဟုတ်သည့်အပြင်၊ အခြားပြည်နယ်ရှိ အများပြည်သူနှင့်ဆိုင်သော ကူညီထောက်ပံ့မှုကို လက်ခံရယူထားသူ မဟုတ်ပါက။
3. **အကျုံးဝင်သော ဝန်ဆောင်မှုများ-** HCAP အစီအစဉ်မှ ရည်ရွယ်ထားသော ဝန်ဆောင်မှုများတွင် အစားထိုးကုသရေး ဝန်ဆောင်မှုများ၊ ၎င်းနှင့် ဆက်စပ်ရာ ဝန်ဆောင်မှုများမှလွဲ၍၊ အိုဟိုင်းအိုး ဆေးဝါး ထောက်ပံ့မှု (Medicaid) အစီအစဉ်အရ အကျုံးဝင်သည့် အတွင်းလူနာ နှင့် ပြင်ပလူနာ ဝန်ဆောင်မှုများ ပါဝင်သည်။

4. **လျှောက်လွှာတင်သည့် လုပ်ငန်းစဉ်-** HCAP အစီအစဉ်အောက်ရှိ ငွေကြေး ထောက်ပံ့မှုကို လျှောက်ထားရာတွင် အရည်အချင်း စစ်ဆေးမှု ခံယူရန် လူနာ (သို့) တရားဝင် ကိုယ်စားလှယ် တစ်ဦးဦးသည် HCAP ငွေကြေး ထောက်ပံ့ရေး လျှောက်လွှာကို ဖြည့်စွက်ပြီး လိုအပ်သော စာရွက်စာတမ်းများကို ပေးအပ်ရမည်။

   a. HCAP ငွေကြေးအကူအညီလျှောက်လွှာကို Ohio Parkview ဆေးရုံငွေကိုင်ထံမှ ရယူနိုင်သည့်အပြင် Patient Financial Services Call Center သို့ 260-266-6700 မှတစ်ဆင့် ဆက်သွယ်ခြင်း သို့မဟုတ် အခမဲ့ခေါ်ဆိုနိုင်သော 855-814-0012 သို့ ဆက်သွယ်ခြင်း၊ Parkview.com ဝက်ဘ်ဆိုက်မှတစ်ဆင့် သို့မဟုတ် MyChart မှတစ်ဆင့် တောင်းဆိုခြင်း တို့ကို ပြုလုပ်နိုင်ပါသည်။ လျှောက်လွှာကို လူနာ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

      1. **ဆေးဝါး ထောက်ပံ့မှု (Medicaid) ရယူရေး လျှောက်ထားခြင်း-** လူနာများသည် HCAP အစီအစဉ် လျှောက်ထားမှု မပြုမီ၊ အိုဟိုင်းအိုး ဆေးဝါး ထောက်ပံ့မှု (Ohio Medicaid) ရယူခွင့်ကို လျှောက်ထားရန် လိုသည်။

      2. **လျှောက်လွှာတင်သွင်းရမည့် ကာလ- HCAP အစီအစဉ်အောက်ရှိ ငွေကြေး** ထောက်ပံ့မှု အကူအညီ ရယူရန်အတွက် လျှောက်လွှာတင်သွင်းရမည့် ကာလသည် လူနာ၏ ပထမဆုံးအကြိမ် ဆေးကုသမှု ခံယူအပြီး နောက်ဆက်တွဲ သတိပေးချက် ပေးပို့သည့် ရက်မှစ၍ သုံး (3) နှစ်အထိသာ ဖြစ်သည်။ သုံး (3) နှစ်တာကာလနောက်ပိုင်း လျှောက်လွှာများကို လက်ခံပေးမည် မဟုတ်ပါ။

      3. **လိုအပ်သော ဝင်ငွေပိုင်းဆိုင်ရာ စာရွက်စာတမ်းများ-** ဝင်ငွေ အထောက်အထားပြရန် လိုအပ်သော အချက်အလက်များကို HCAP ငွေကြေး ထောက်ပံ့မှု လျှောက်လွှာတွင် တောင်းခံပါသည်။ ထိုစာရွက်စာတမ်းများတွင် ငွေပေးချေမှု ဖြတ်ပိုင်းများ၊ W-2 များ (သို့) သက်ဆိုင်ရာ အခွန်ကာလ (ဆေးရုံ၏ ဝန်ဆောင်မှု မရယူမီ 3 (သို့) 12 လ) အတွင်း ဝင်ငွေ အချက်အလက်များ ပါသော အခြား စာရွက်စာတမ်းများ စသည့် ဝင်ငွေအထောက်အထားများ ပါဝင်သည်။

         A. "ဝင်ငွေရှင်းတမ်းတွင် သုည" အဖြစ် မှတ်တမ်းသွင်းထားပါက၊ မည်သို့ အသက်ရှင်နေထိုင်ကြောင်း သီးခြား ရှင်းလင်းချက် တစ်ခု လိုအပ်နိုင်သည်။

      4. **အတွင်းလူနာအတွက် ဝန်ဆောင်မှုများ-** အတွင်းလူနာ ဝန်ဆောင်မှုအရ လူနာသည် အလားတူ ရောဂါအခြေအနေကြောင့် ဆေးရုံဆင်းသည့် ရက်မှ 45 ရက်အတွင်း ဆေးရုံပြန်တက်ရခြင်း မရှိလျှင်ပင် ဆေးရုံတစ်ခါတက်တိုင်း သီးခြား စစ်ဆေးဆုံးဖြတ်၍ သတ်မှတ်ပေးသည်။

      5. **ပြင်ပလူနာအတွက် ဝန်ဆောင်မှုများ-** ပြင်ပလူနာ ဝန်ဆောင်မှုများအတွက် ကနဦး ဝန်ဆောင်မှု စသည့် ရက်မှ ရက် 90 အထိ အကျုံးဝင် သက်ရောက်ကြောင်း သတ်မှတ်သည်။

   b. ခ။ အခြား ငွေကြေး ထောက်ပံ့မှု ရွေးချယ်စရာများနှင့် ဆက်စပ်သည့်အရာများ။ အိုဟိုင်းအိုး ဒေသခံများအတွက် ငွေကြေး ထောက်ပံ့မှု တောင်းဆိုချက်များကို လုပ်ဆောင်ရာတွင် ပထမဆုံးအနေဖြင့် HCAP အစီအစဉ်အရ စိစစ်ရွေးချယ်ပြီးမှသာ၊ Parkview ၏ ငွေကြေး ထောက်ပံ့မှု မူဝါဒအတိုင်း လိုက်နာဆောင်ရွက်သည်။

   c. ဂ။ HCAP ၏ လုပ်ငန်းဆောင်တာများအတွက် အိုဟိုင်းအိုး HCAP ဌာနတွင်း လုပ်ငန်းစဉ်ကို ကိုးကားဆောင်ရွက်ပါ။

ဂျ။ ဆေးရုံဆက်သွယ်ရန်များ

ဤမူဝါဒနှင့်ပတ်သက်၍ ဆက်လက်သိလိုပါက အောက်ပါတို့ကိုဆက်သွယ်ပါ -

1. လူနာ စာရင်းအင်းဆိုင်ရာ ခေါ်ဆိုမှုစင်တာ (Patient Accounting Call Center) 260-266-6700 သို့ အခမဲ့ခေါ်ဆိုခွင့်နံပါတ် 855-814-0012 သို့
   ARS အသင်း - လူနာများ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ
   Parkview Health
   စာပို့နံပါတ် 5600
   Fort Wayne, IN 46895

2. မနက် 9 နာရီမှ ညနေ 4 နာရီအတွင်း အောက်ပါ ငွေကိုင်ရုံးများကိုလည်း ဆက်သွယ်နိုင်သည်။

Parkview Regional Medical Center
Entrance 3
11141 Parkview Plaza Drive, Suite 100
Fort Wayne, IN 46845

Parkview Hospital Randallia
2200 Randallia Drive
Fort Wayne, IN 46805

Parkview Archbold
121 Westfield Drive
Archbold, OH 43502

Parkview Bryan Hospital
433 W. High Street
Bryan, OH 43506

Parkview DeKalb Hospital
1316 E. 7th Street
Auburn, IN 46706

Parkview Huntington Hospital
2001 Stults Road
Huntington, IN 46750

Parkview Kosciusko Hospital
1355 Mariners Drive
Warsaw, IN 46582

Parkview LaGrange Hospital
207 North Townline Road
LaGrange, IN 46761

Parkview Logansport Hospital
1101 Michigan Avenue
Logansport, IN 46947

Parkview Montpelier Hospital
909 E. Snyder Avenue
Montpelier, OH 43543

Parkview Noble Hospital
401 Sawyer Road
Kendallville, IN 46755

Parkview Ortho Hospital
Entrance 7
11130 Parkview Circle
Fort Wayne, IN 46845

Parkview Park Center
909 E. State Blvd.
Fort Wayne, IN 46805

Parkview Southwest
8202 Glencarin Blvd.
Fort Wayne, IN 46804

Parkview Wabash Hospital
10 John Kissinger Drive
Wabash, IN 46992

Parkview Whitley Hospital
1260 E. State Road 205
Columbia City, IN 46725

ဃ။ အခြားအချက်အလက်

1. Parkview Health အထောက်အပံ့များ နှင့်/သို့မဟုတ် ပံ့ပိုးသူများသည် လူနာများအတွက် ကုန်ကျစရိတ်မရှိဘဲ လူထုအကျိုးခံစားခွင့်အနေဖြင့် လူထုအဖွဲ့အစည်းက ရည်ညွှန်းလွှဲပြောင်းပေးသော ရွေးချယ်ဝန်ဆောင်မှုများကို ပံ့ပိုးရန် ရွေးချယ်နိုင်ပါသည်။ ဤလူထု အဖွဲ့အစည်းများတွင် အောက်ပါအတိုင်း ကန့်သတ်ချက်မရှိဘဲ ပါဝင်နိုင်ပါသည်။ Matthew 25 Health and Care & Neighborhood Health Clinic.

ရည်ညွှန်းများ

လက်ရှိနှစ်၏ စုစုပေါင်းမိသားစုဝင်ငွေနှင့် နှိုင်းယှဉ်ပြီး ပြည်ထောင်စု ဆင်းရဲမွဲညွန်းကိန်းအဆင့်၏ 275% ကို ငွေကြေးထောက်ပံ့မှုအတွက် အကျုံးဝင်၊ မဝင် ဆုံးဖြတ်ပါမည်။ ပြည်ထောင်စု ဆင်းရဲမွဲညွန်းကိန်းကို နှစ်စဉ် ပထမ သုံးလပတ်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ထုတ်ပြန်သည်။ လက်ရှိ ပြည်ထောင်စုဆင်းရဲမွဲ ညွှန်းကိန်းကို Parkview.com တွင်ရရှိနိုင်သည်။